P.O Box 125, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၈၁)

# “ငှက်ပြာ စစ်ဆင်ရေး”

၃၊ ၄ ရက် နေ့ရောညပါ မရပ်မနား စစ်ကြောခံခဲ့ရလို့ သတိလစ်လုမတတ်ဖြစ်နေသူတစ်ဦးကို အစောင့်(၂)ဦးက ဒရွတ်တိုက်ဆွဲခေါ်လာကာ အချုပ်ခန်းတခုထဲကို ပစ်ထည့်လိုက်ပြီး တံခါးကို “ဂျိုင်း”ကနဲ ဆောင့်ပိတ်လိုက်ပါတယ်။ အရုပ်ကြိုး ပြတ်လဲကျသွားတဲ့ အကျဉ်းသားအနီးကို ဘဝတူအကျဉ်းသားတချို့ ဝိုင်းလာကြပြီး “မင့်ကို ဘာတွေမေးခဲ့သလဲ”၊ “မင်းကရော ဘာတွေ ဖွင့်ပြောခဲ့သလဲ”၊ “လျို့ဝှက်ချက်တွေအားလုံး ထုတ်ပြောလိုက်ပြီလား”၊ “ဘာတွေကို ထုတ်ပြောပြီး၊ ဘာတွေကို ချန် ထားခဲ့သလဲ”၊ “မြန်မြန်ပြောလေ”၊ “အပြင်က ဒို့ခေါင်းဆောင်တွေကို အချိန်မီ သတိပေးရမယ်”၊ “မြန်မြန်ပြော၊ အချိန်သိပ် မရှိဘူး”၊ ဆိုတဲ့အသံတွေက တယောက်တပေါက်နဲ့ သူ့ဘေးမှာ ဆူညံနေတယ်။ အိပ်ရေးတွေပျက်လွန်းလို့ ခေါင်းမထောင်နိုင် အောင် အိပ်ငိုက်နေတာကြောင့် တရေးအိပ်ပြီးမှ ရှင်းပြပါရစေလို့ အကြိမ်ကြိမ်ရှင်းပြပေမဲ့လည်း “အရေးကြီးတယ်၊ အချိန်မရ ဘူး၊ မြန်မြန်ပြော” ဆိုတဲ့ အသံတွေကိုပဲ ထပ်ခါထပ်ခါ ကြားနေရတယ်။ ရှင်းမပြမချင်း အိပ်ခွင့်ရမှာမဟုတ်လို့ နောက်ဆုံးမှာ “ဘယ်ကိစ္စတွေကိုတော့ ဖွင့်ပြောခဲ့ရတယ်၊ ဘယ်ကိစ္စတွေကိုတော့ ချန်ထားခဲ့တယ်၊ ဘယ်ကိစ္စတွေကိုတော့ လိမ်ပြောခဲ့တယ်” ဆိုတာတွေကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ရတော့တယ်။

အထက်မှာဖေါ်ပြခဲ့တဲ့ အကြောင်းအရာတွေကတော့ အစ္စရေးထောက်လှမ်းရေးက ပါလက်စတိုင်းတော်လှန်ရေး သမားလို့ မသင်္ကာသူတွေကို အကျဉ်းထောင်တွေအတွင်းမှာစစ်ဆေးတဲ့ **"Blue Bird Operation"**က နည်းလမ်းတစ်ခု ကို ကောက်နှုတ်ဖေါ်ပြလိုက်တာ ဖြစ်ပါတယ်။ အိပ်ငိုက်နေတဲ့ ပါလက်စတိုင်းအကျဉ်းသားကို ဝိုင်းဝန်းမေးမြန်းခဲ့သူတွေဟာ အစ္စ ရေးထောက်လှမ်းရေးက စည်းရုံးသိမ်းသွင်းထားတဲ့ တချိန်က ပါလက်စတိုင်းတော်လှန်ရေးသမားဟောင်းတွေ ဖြစ်ပါတယ်။ ဒီလူ တွေဟာလည်း တချိန်က ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုးအတွက် ကိုယ်ယုံကြည်တာကို အသက်စွန့်၊ ဘဝစွန့်၊ လုပ်ခဲ့ကြသူတွေ ဖြစ် ပေမဲ့ အစ္စရေးအကျဉ်းထောင်တွေအတွင်းမှာ နှစ်ရှည်ထောင်ကျ နှိပ်စက်ခံနေရစဉ်အတွင်း အစ္စရေးထောက်လှမ်းရေးရဲ့ နည်း အမျိုးမျိုးနဲ့ ဖျားယောင်းသိမ်းသွင်းသွားတာကို ခံသွားခဲ့ကြရသူတွေ ဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ ပါလက်စတိုင်းတွေရဲ့ အရေး ကြီးတဲ့ လျို့ဝှက်ချက်တချို့ ပေါက်ကြားသွားခဲ့ပြီး သိပ်မကြာခင်မှာ ပါလက်စတိုင်းခေါင်းဆောင်တွေ လုပ်ကြံခံရတာမျိုး၊ ဌာနချုပ် တွေနဲ့ အရေးကြီးတဲ့အခြေစိုက်စခန်းတွေကို လေကြောင်းက တိုက်ခိုက်ခံရတာမျိုးတွေ တသီကြီး ဖြစ်ပွားလေ့ရှိပါတယ်။

မြန်မာစစ်အာဏာရှင်တွေဟာ အစ္စရေးလုပ် စစ်လက်နက်ပစ္စည်းတွေနဲ့ နည်းပညာတွေကို နည်းအမျိုးမျိုးနဲ့ ဝယ်ယူ သုံးစွဲဖို့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ မဆလ စစ်အစိုးရလက်ထက်မှာ စစ်ထောက် လှမ်းရေးအကြီးအကဲ လံဘား တင်ဦး ခေါ် မျက်မှန် တင်ဦး က အစ္စရေးလုပ် “အူဇီ” အပေ့ါစား စက်သေနတ်တွေကို ဝယ်ယူ အသုံးပြုခဲ့တဲ့အပြင် စစ်တပ်နဲ့ရဲတပ်ဖွဲ့မှ အရာရှိတွေကို “ပျားမွေးမြူရေးပညာတော်သင်” လို့ ခေါင်းစဉ်တပ်ပြီး အစ္စရေးနိုင်ငံ မှာ ထောက်လှမ်းရေးပညာတွေ သွားရောက်သင်ကြားခိုင်းခဲ့ဘူးပါတယ်။ နဝတ၊ နအဖ စစ်အာဏာရှင်တွေလက်ထက်မှာ လည်း စစ်ဖက်နဲ့ရဲဖက်အရာရှိတွေကို အရပ်ဖက်ပညာတော်သင်တွေနဲ့အတူ “စိုက်ပျိုးရေးနဲ့မွေးမြူရေးပညာတော်သင်” ဆိုပြီး အစ္စရေးနိုင်ငံမှာ စစ်ပညာနဲ့ထောက်လှမ်းရေးပညာတွေ လေ့လာဆည်းပူးခိုင်းခဲ့ပြန်ပါတယ်။

အခုအချိန်မှာတော့ အစ္စရေးပြန် ရဲအရာရှိတွေဦးဆောင်နေတဲ့ **(SB/ Special Branch)** ခေါ် ရဲအထူးသတင်း တပ်ဖွဲ့ဟာ အစ္စရေးထောက်လှမ်းရေး မော့ဆက်အဖွဲ့ရဲ့ **"Blue Bird Operation"** ထဲက နည်းလမ်းတချို့ကို လက်တွေ့ စမ်းသပ် ကျင့်သုံးနေပြီလို့ ယူဆရပါတယ်။ မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိပါဘူးလို့ နအဖအာဏာပိုင်တွေက

ငြင်းဆိုထားပေမဲ့ ရဲအထူးသတင်းတပ်ဖွဲ့ကတော့ ပြည်ထဲရေးဝန်ကြီးနဲ့ ရဲချုပ်ရဲ့အမိန့်အရ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ အကျဉ်းထောင်တွေအတွင်းမှာ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ စိတ်ဓါတ်ခိုင်မာမှုအခြေအနေတွေကို အချိန်ပြည့် စောင့်ကြည့်အကဲခတ်လျှက် ရှိပါတယ်။ တခါတရံ နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံရေးမေးခွန်းတွေ မေးပြီး စမ်းသပ်တာတွေ လုပ်လေ့ရှိပါတယ်။ ၂၀၀၅ခုနှစ် မေ(၇)ရက် ရန်ကုန်ဗုံးပေါက်ကွဲမှုမျိုးလို ထူးခြားဖြစ်စဉ်တွေ ပေါ်ပေါက်တဲ့အခါ ရဲသတင်းတပ်ဖွဲ့က သူတို့ မသင်္ကာတဲ့အဖွဲ့အစည်းတွေက ထောင်ကျ နိုင်ငံရေးအကျဉ်းသားတွေကို အကျဉ်းထောင်အတွင်းမှာ ခေါ်ယူစစ်ဆေးမေးမြန်းတာတွေ၊ ဘယ်သူ့လက်ချက်၊ ဘယ်အဖွဲ့လက်ချက်ဖြစ်နိုင်သလဲလို့ သဘောထားပေးခိုင်းတာမျိုးတွေ ပြုလုပ်လေ့ရှိပါတယ်။

အဲဒီလို နည်းအမျိုးမျိုးနဲ့ စမ်းသပ်အကဲဖြတ်မှုတွေအရ သူတို့အသုံးချလို့ရနိုင်မဲ့ အခြေအနေရှိသူတွေကို အခွင့်အရေးတွေ တစတစပေးပြီး ချဉ်းကပ်စည်းရုံးတဲ့နည်း၊ အပေးအယူပြုလုပ် စည်းရုံးတဲ့နည်း၊ အကျပ်ကိုင် ခြိမ်းခြောက်စည်းရုံးတဲ့နည်း၊ စတဲ့နည်းတွေနဲ့ "သူ့လူ ဝှါဘက်သား" ဖြစ်လာအောင် လုပ်ယူနေပါတယ်။ အာဏာပိုင်တွေနဲ့ပူးပေါင်းဖို့ သဘောတူတဲ့သူတွေကို ထောင်ထဲမှာရှိစဉ်ကတည်းက သတင်းပေးအဖြစ်နဲ့ စမ်းသပ်အသုံးပြုကြည့်ပြီး နောက်ပိုင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်၊ အထူးလျှော့ရက်၊ စတဲ့ ခံစားခွင့်တွေပေးပြီး တခြားအကျဉ်းသားတွေနဲ့အတူ လွှတ်ပေးလေ့ရှိပါတယ်။ သူတို့နဲ့ပူးပေါင်းသူဟာ မိဘဆွေမျိုးမရှိတဲ့ တကိုယ်ရေတကာယသမား ဖြစ်မယ်ဆိုရင် ထောင်ကလွှတ်တာနဲ့ မရမ်းကုန်းမြို့နယ်အတွင်းရှိ "အောင်သပြေ" စစ်ကြောရေးနဲ့ လေ့ကျင့်ရေးစခန်းမှာ တွဲဖက်ပေးလေ့ရှိပါတယ်။ မိဘဆွေမျိုးရှိသူတွေဆိုရင်တော့ မိသားစုထံကို အချိန်ကာလတခုအထိ ပြန်ခွင့်ပေးပါတယ်။ နောက်မှ အကြောင်းတခုခုပြပြီး အိမ်ကထွက်လာဖို့၊ သင်တန်းလာတက်ဖို့ ခေါ်ယူတတ်ပါတယ်။

လေ့ကျင့်ရေးစခန်းတွေမှာ တိုက်ပွဲဝင်ထောက်လှမ်းရေး **(Combat Intelegence)** ဘာသာရပ်တွေကို စာတွေ့ရော၊ လက်တွေ့ပါ လအတန်ကြာ သင်ကြားရပါတယ်။ အဲဒီနောက် မြို့နယ် ရဲသတင်းတပ်ဖွဲ့ရုံးတွေနဲ့တွဲဖက်ပြီး ကွင်းဆင်းထောက်လှမ်းမှုတွေကို လက်တွေ့ စမ်းသပ်လုပ်ဆောင်ကြရပါတယ်။ သင်တန်းတွေ၊ စမ်းသပ်မှုတွေကို အဆင့်ဆင့်ပြီးဆုံး အောင်မြင်တဲ့အခါ တချိန်တုန်းက မိမိပါဝင်လှုပ်ရှားခဲ့ဘူးတဲ့ အဖွဲ့အစည်းနဲ့ လှုပ်ရှားဝှင်တွေထဲကို ပြန်လည်ဆက်သွယ် ထိုးဖေါက်ဝင်ရောက်ကြရတယ်လို့ ဆိုပါတယ်။

သံသယတွေ၊ မသင်္ကာစိတ်တွေ၊ စိုးရိမ်ကြောက်လန့်မှုတွေနဲ့ အမြဲတစေ ဖုံးလွှမ်းနေတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းတစ်ခုရဲ့ အရေးကြီးတဲ့ အတွင်းရေးသတင်းတွေကိုရရှိအောင် အပြင်လူတယောက်ကိုအသုံးပြု ရယူဖို့ဆိုတာ လက်တွေ့မှာ သိပ်မလွယ်လှပါဘူး။ အချိန်တွေ၊ အရင်းအနှီးတွေ အများကြီးလိုအပ်မှာ သေချာပါတယ်။ ဒါကြောင့် ဒီလိုလုပ်ငန်းမျိုးတွေမှာ ငါးကြင်းဆီနဲ့ငါးကြင်းကြော်တဲ့နည်းဟာ အချိန်တိုအတွင်း အထိရောက်ဆုံးနဲ့ အအောင်မြင်နိုင်ဆုံးဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားကြပါတယ်။ ဒါပေမဲ့ ယုံကြည်စိတ်ချရတဲ့ "သူ့လူကိုယ့်ဘက်သား" တစ်ယောက်ရရှိဖို့အရေးဟာလည်း ထင်သလောက်တော့ လွယ်မှာမဟုတ်ပါဘူး။ ရိုးသားပြီး ခံယူချက်ပြင်းထန်တဲ့ နိုင်ငံရေးသမားတွေကို တော်ယုံတန်ယုံနဲ့ လွယ်လွယ်ကူကူ စည်းရုံးသိမ်းသွင်းလို့ ရနိုင်မှာမဟုတ်လို့ ဖြစ်ပါတယ်။ နိုင်ငံရေးအတွေးအခေါ်နဲ့ ခံယူချက်အား နည်းသူတချို့ကိုသာ စည်းရုံးလို့ ရကောင်းရနိုင်ပါလိမ့်မယ်။

စစ်တပ်၊ ရဲနဲ့ ထောက်လှမ်းရေးယန္တယားတွေဟာ စစ်အာဏာရှင်စနစ်အတွက် အဓိကဒေါက်တိုင်တွေ ဖြစ်နေတာကြောင့် ဒီအဖွဲ့အစည်းတွေ စွမ်းရည်ထက်မြက်ပြီး အင်အားကောင်းဖို့ အထူးလိုအပ်ပါတယ်။ မြန်မာ့စစ်အာဏာရှင်သမိုင်းမှာ ထောက်လှမ်းရေးယန္တယားတွေ အားကောင်းခဲ့တဲ့အချိန်တွေ ရှိခဲ့သလို၊ စစ်ထောက်လှမ်းရေးအကြီးအကဲတွေနဲ့အတူ ထောက်လှမ်းရေးယန္တယားတွေပါ ပြိုလဲပျက်စီး အားနည်းခဲ့ရတဲ့အချိန်တွေလည်း ရှိခဲ့ပါတယ်။ မဆလ စစ်အစိုးရလက်ထက် ၁၉၈၃ ခုနှစ် မေလ(၁၇)ရက်နေ့မှာ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်(မျက်မှန်)တင်ဦး ကို ဗိုလ်ချုပ်ကြီးနေဝင်းက ဖမ်းဆီးအရေးယူခဲ့ပါတယ်။ သူ ဖွဲ့စည်းထူထောင်ခဲ့တဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ကိုလည်း ဖျက်သိမ်းပြီး အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အတွက် လုံခြုံရေးအပိုင်းမှာ အားနည်းချက်တွေ ပေါ်ပေါက်ခဲ့ရပါတယ်။ လုံခြုံရေးအားနည်းချက်တွေကြောင့် အဲဒီနှစ် အောက်တိုဘာလ(၉)ရက်နေ့မှာ ရန်ကုန် အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တောင်ကိုရီယားအစိုးရအဖွဲ့ဝင် ဝန်ကြီး(၄)ဦးနဲ့ ထိပ်တန်းအရာရှိကြီးတွေအပါအဝင် လူပေါင်း(၂၁)ဦး သေဆုံးခဲ့ရပါတယ်။

၂၀၀၄ခုနှစ် အောက်တိုဘာလ (၁၈)ရက်နေ့မှာလည်း နအဖစစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ဝင် ထိပ်တန်းဗိုလ်ချုပ်တွေအများအပြား ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး စစ်ထောက်လှမ်းရေးယန္တယားတစ်ခုလုံးကိုလည်း အသစ်ပြင်ဆင်ဖွဲ့စည်းတာတွေ လုပ်ခဲ့ရပြန်တဲ့အတွက် လုံခြုံရေးဆိုင်ရာအားနည်းချက်တွေ ထပ်မံပေါ်ပေါက်ခဲ့ရ ပြန်ပါတယ်။ ဒီတစ်ကြိမ်ဖြစ်ပွားခဲ့တဲ့ လုံခြုံရေးအားနည်းချက်ဟာ ၁၉၈၃ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ အားနည်းချက်ထက် ပိုမိုကြီးမား နက်ရှိုင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်အပေါ် သစ္စာခံတဲ့ စစ်ထောက်လှမ်းရေး

အဖွဲ့ဝင် အများအပြားက အဖမ်းမခံဘဲ၊ ပြည်တွင်းပြည်ပမှာ ထွက်ပြေးပုန်းရှောင်ပြီး လက်ရှိစစ်အုပ်စုကို သူတို့ကျွမ်းကျင်တဲ့ နည်းလမ်း မျိုးစုံနဲ့ ဆန့်ကျင်တိုက်ပွဲဝင်နေကြလို့ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ သူ့ရဲ့စစ်ထောက်လှမ်းရေးတွေ ဖြုတ်ထုတ်ဖယ်ရှားခံရပြီးနောက် ၂၀၀၅နဲ့ ၂၀၀၆ ခုနှစ်တွေ အတွင်းမှာ လက်သည်မပေါ်တဲ့ ဗုံးဖေါက်ခွဲတိုက်ခိုက်မှုတွေ တသီတတန်းကြီး ဖြစ်ပွားခဲ့တာကို တွေ့နိုင်ပါတယ်။ တရားခံတွေကို ဖေါ်ထုတ်မပြနိုင်တဲ့အခါ လုံခြုံရေးတာဝန်ရှိသူတွေက ဟိုရမ်းဒီရမ်း ဟိုလက်ညှိုးထိုး ဒီလက်ညှိုးထိုး လုပ်လာကြပါတယ်။ အသစ် ပြင်ဆင်ဖွဲ့စည်းလိုက်တဲ့ စရခ ခေါ် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးရဲ့ အကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ လက် ထက်တုန်းကဆိုရင် ရန်ကုန်မြို့အပါအဝင် တပြည်လုံးမှာ ဗုံးတွေ တစ်လုံးပြီးတစ်လုံး ဆက်တိုက်ပေါက်ကွဲနေတာကြောင့် ဘာ လုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ပြီး သူနဲ့အတူ **(DSA-15)** တစ်ပတ်စဉ်ထဲဆင်း စစ်ထောက်လှမ်းရေးဌာနကြီးမှူးဟောင်း ဗိုလ် မှူးချုပ် ကျော်သိန်းကို အကူအညီတောင်းခံခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ကက/ကြည်းအပေါ် စိတ်နာနေတဲ့ ဗိုလ်မှူးချုပ် ကျော်သိန်းက သူ့ကို မူလရာထူးမှာ တရားဝင်ပြန်ခန့်ပေးမှ ကူညီနိုင်မယ်လို့ အကြောင်းပြန်ခဲ့ကြောင်း သိရှိရပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အနေနဲ့ စရခ တာဝန်တွေကိုပါ ပူးတွဲကိုင်ထားမယ်ဆိုရင် သူ့အတွက် အလားအလာ မကောင်းနိုင်ဘူးဆိုတာကို ကြိုတင်သဘောပေါက်သွားခဲ့တာကြောင့် စရခမှူးချုပ်ရာထူးကို လပခတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကို လွှဲ ပေးခဲ့ပြီး သူက ကစထ(၅)မှူး ရာထူးအသစ်ကို ဖန်တီးရယူသွားတာဖြစ်တယ်လို့ စစ်ရုံးချုပ်အသိုင်းအဝိုင်းမှာ ပြောဆိုနေကြပါ တယ်။ စစ်ထောက်လှမ်းရေးဌာနကြီးမှူးဟောင်း ဗိုလ်မှူးချုပ်ကျော်သိန်းက သူငယ်ချင်းဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အကူအညီတောင်းခံတာကို ငြင်းဆန်ခဲ့ပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့မိသားစုနဲ့ နီးစပ်တယ်ဆိုတဲ့ စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲဟောင်း ဗိုလ်ချုပ်ကျော်ဝင်းကတော့ စရခ အကြီးအကဲသစ် ဗိုလ်ချုပ်ရဲမြင့်ရဲ့ အကူအညီတောင်းခံမှုကို လက်ခံခဲ့ပြီး ကြပ်ပြေးစစ်ရုံးချုပ်ရှိ စရခ မှာ အကြံပေးအရာရှိအဖြစ် လျို့ဝှက်တာဝန်ယူနေပြီလို့ အတည်မပြုနိုင်သေးတဲ့သတင်း တွေ ပေါ်ထွက်နေပါတယ်။

၂၀၀၂ခုနှစ် မတ်လ ဦးနေဝင်းမိသားစုရဲ့ မအောင်မြင်တဲ့အာဏာသိမ်းပွဲအပြီး ဖြုတ်ထုတ်ဖယ်ရှားခံလိုက်ရတဲ့ ရဲချုပ် ဗိုလ်မှူးကြီး စိုးဝင်း နေရာမှာ အစားထိုးခန့်အပ်ခံခဲ့ရသူ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ နဲ့ ၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်း စစ်ထောက်လှမ်း ရေးအုပ်စု ဖြုတ်ထုတ်ရှင်းပွဲမှာ ရောပါသွားတဲ့ ပြည်ထဲရေးဝန်ကြီးဟောင်း ဗိုလ်မှူးကြီးတင်လှိုင်ရဲ့နေရာကို ဆက်ခံခဲ့တဲ့ ဗိုလ် ချုပ်မောင်ဦးတို့ကတော့ လက်ရှိရာထူးတွေက ပြုတ်မသွားရအောင် မော့ဆက် နည်းတွေအပါအဝင် အောက်လမ်းနည်း၊ အထက်လမ်းနည်းတွေသုံးပြီး ကျားကုတ်ကျားခဲ ရုန်းကန် လှုပ်ရှားနေဆဲဖြစ်ပါတယ်။

ကြပ်ပြေးနေပြည်တော်ရှိ နအဖအကြီးအကဲ ဗိုလ်ချုပ်ကြီးတွေဟာ စရခ၊ ရဲသတင်းတပ်ဖွဲ့၊ ကြံ့ဖွံ့ စတဲ့ ထောက်လှမ်း ရေးအဖွဲ့အစည်း အသီးသီးက ထင်ရာမြင်ရာပေးပို့နေကြတဲ့ သတင်းတွေအပေါ် ဘယ်ဟာကိုအတည်ယူရမှန်းမသိ ဖြစ်နေတာ ကြောင့် ပြည်ပ သတင်းမီဒီယာတွေကိုသာ အားကိုးနေကြရကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Friday, January 26, 2007***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***